EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၁

ဇန်နဝါရီ ၂၂ ရက်၊ ၂၀၁၉

## တနင်္သာရီတိုင်းအစိုးရက တင်ဒါစည်းကမ်းနှင့်မညီဘဲ လုပ်ငန်းလုပ်ခွင့်ပေးမှု အပြစ်ရှိပါက အဂတိတိုက်ဖျက်ရေးကော်မရှင်ထံ လွှဲအပ်မည်

**ဇန်နဝါရီ ၁၊ ၂၀၁၉**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆောက်လုပ်ရေးလုပ်ငန်းသုံးခုကို တင်ဒါလုပ်ထုံး၊ လုပ်နည်းများနှင့်မညီဘဲ GGS ကုမ္ပဏီအားပေးအပ်မှု စုံစမ်းမည်ဖြစ်ပြီး အပြစ်ရှိကြောင်းပေါ်ပေါက်လျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံ လွှဲပေးမည်ဟု ဒီချုပ်ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က 7Day Daily အား ပြောကြားသည်။

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးခုသည် ထားဝယ်မြို့ ခြင်းလုံးကွင်းတည်ဆောက်ရေးလုပ်ငန်း၊ ပုလောမြို့နယ် မြို့တော်ခန်းမတည်ဆောက်ရေးလုပ်ငန်းနှင့် နေပြည်တော်ရှိ တိုင်းအစိုးရအဖွဲ့ ဧည့်ရိပ်သာတည်ဆောက်ရေးလုပ်ငန်းတို့ဖြစ်သည်။

အဆိုပါလုပ်ငန်းများကို တနင်္သာရီတိုင်းအစိုးရအဖွဲ့က လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ခန့်မှန်းကုန်ကျစရိတ် တန်ဖိုးတွက်ချက်ခြင်းမရှိဘဲ ကြိုတင်ခွင့်ပြုသဖြင့် စစ်ဆေး၍မရခဲ့ကြောင်း ၂၀၁၈ စက်တင်ဘာ ၂၈ ရက်က ပြုလုပ်သည့် တိုင်းလွှတ်တော်အစည်းအဝေး၌ တင်ပြသော ၂၀၁၆-၁၇ ဘဏ္ဍာနှစ်(ဒုတိယခြောက်လ) စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ယင်းအပေါ် တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ဟုတ်မှန်ကြောင်း 7 day daily သို့ အတည်ပြုပြော ကြားသည်။

အစိုးရ၊ လွှတ်တော်တာဝန်ရှိသူများအနေဖြင့် တင်ဒါ လုပ်ထုံး၊ လုပ်နည်းနှင့်မညီဘဲ ဆောင်ရွက်နေသည့် ကိစ္စများနှင့်ပတ်သက်၍မီဒီယာများသို့ဖြေကြားနေရုံနှင့်မပြီးဘဲ အထက်အဆင့်ဆင့်သို့တင်ပြရန် တာဝန်ရှိသဖြင့် သက်သေအထောက်အထားများနှင့်တကွ တိုင်ကြားပါက ချက်ချင်းအရေးယူမည်ဟု ဒေါက်တာမျိုးညွန့်က ပြောသည်။



ကံပေါက်ဒေသတွင် GGS ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်လျှပ်စစ်ဝန်ကြီးတို့ ၂၀၁၇ က သွားရောက်စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-Tanintharyi Region/fb)

တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက "လွှတ်တော်ကလည်း ဒီကိစ္စတွေကို စုံစမ်းနေပါတယ်။ အစိုးရအဖွဲ့ထဲမှာဖြစ်တဲ့ကိစ္စတွေဖြစ်နေတော့ သေချာတဲ့အထောက်အထားရအောင် ကြိုးစားနေတယ်။ တချို့ကလည်း မပြောရဲဘူးဖြစ်နေတယ်"ဟု ဆိုသည်။

GGS ကုမ္ပဏီသည် လက်ရှိအချိန်ထိ နိုင်ငံတော်သို့ ဓာတ်ငွေ့ဖိုးကြွေးကျန် ကျပ်သိန်းရှစ်သောင်းကျော်မသွင်းသည့် ကုမ္ပဏီဖြစ်သည့်အပြင် တိုင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းလျှပ်စစ်ဝန်ကြီး ဦးကြည်လှိုင်တို့နှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးပတ်သက်မှုရှိကြောင်း ကုမ္ပဏီတာဝန်ခံကိုယ်တိုင်ဝန်ခံထားသည့် ကုမ္ပဏီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ထားဝယ်ခရိုင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် GGS ကုမ္ပဏီနှင့်စာချုပ်ချုပ်ရာတွင် အဓိကကျသည့်အချက်များချန်လှပ်၍ လုပ်ကိုင်ခွင့်ပြုသည့်အပေါ် အဂတိလိုက်စားမှုရှိ၊ မရှိ ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်းက ၂၀၁၈ ဒီဇင်ဘာ ၁၈ ရက်တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော်၌ မေးခွန်းထုတ်ခဲ့သည်။ အဆိုပါကုမ္ပဏီသည် လုပ်ငန်းဆောင်ရွက်စဉ်ကစ၍ လက်ရှိအထိ နိုင်ငံတော်သို့ ဥပဒေသတ်မှတ်ချက်များနှင့်အညီ အခွန်ပေးဆောင်မှုမရှိသည့်အပြင် တိုင်းအတွင်း ကုမ္ပဏီအတွက် အကျိုးအမြတ်ရရှိရန် သေချာသော သရက်ချောင်းငါးလေလံဈေးစီမံကိန်းနှင့် တန်ဖိုးနည်း အိမ်ရာစီမံကိန်းများကို တိုင်းအစိုးရအဖွဲ့ခွင့်ပြုချက်ဖြင့် လုပ်ပိုင်ခွင့်ရနေကြောင်း ၎င်းက ထောက်ပြထားသည်။

**(ကိုးကား-www.7daydaily.com)**

# ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်၏ လပေါင်းသုံးဆယ် (နိဂုံးပိုင်း)

*(ယခင်အပတ်မှအဆက်)*

### လွှတ်တော်ရေးရာကော်မတီများ

ရခိုင်ပြည်နယ်လွှတ်တော်သည် ရေးရာကော်မတီ (၁၁) ခုအား ဖွဲ့စည်း၍ လုပ်ငန်းများ ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်လွှတ်တော်သည် ဥပဒေ ၁၆ ခုကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်သည်။ ထို့အတူ လိုအပ်ပါကလည်း လိုအပ်သလို ကော်မတီများ သီးခြားဖွဲ့စည်းတာဝန်ပေးကာ လေ့လာစုံစမ်းမှုများ ပြုလုပ်စေပြီး လွှတ်တော်သို့ တင်ပြအစီရင်ခံစေခဲ့သည်။ ပြဿနာအကြောင်းအရာ အတိမ်အနက်၊ အကြီးအသေးအပေါ် မူတည်ပြီး လွှတ်တော်မှ မှတ်တမ်းတင်ခြင်း၊ ပြည်နယ်အစိုးရသို့ ဆက်လက်အရေးယူဆောင်ရွက်ရန် ပေးပို့ခြင်းနှင့် အချို့ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်းများဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်မှုများအဖြစ် ယခင်အစိုးရတာဝန်ပြီးဆုံးခါနီးအချိန်တွင် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်ရှိ စက်မှုရပ်ကွက်ဟု သတ်မှတ်ထားသော လယ်ယာမြေများအား ခွဲဝေချထားပေးခဲ့ခြင်းအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးတင်ပြစေခြင်း၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မောင်တော၊ ရသေ့တောင် ဘင်္ဂါလီအကြမ်းဖက်ခံရမှု စုံစမ်းလေ့လာရေးကော်မတီအား ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးတင်ပြစေခြင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံသားဥပဒေအား မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များ၌ စတင်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ရာတွင် တိုင်းရင်းသားမဟုတ်သူများအား နိုင်ငံသားစိစစ်ရေးကဒ်များ ထုတ်ပေးခြင်းများအား ရခိုင်ပြည်နယ်လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် အထူးကိစ္စရပ်များ ကြားနာစုံစမ်းရေးအဖွဲ့အား တာဝန်ပေးပြီး စုံစမ်းစစ်ဆေးတင်ပြစေခြင်း စသည်ဖြင့် နိုင်ငံသားများနှင့် ရခိုင်ပြည် သူများ၏ အမျိုးသားရေးတာဝန်ကို ဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍လည်း ရခိုင်မျိုးနွယ်စုဝင် တိုင်းရင်းသားများ၏ ရပိုင်ခွင့်များအတွက် လေ့လာသုံးသပ်၍ တင်ပြဆောင်ရွက်မှုများရှိခဲ့သည်။

### နိုင်ငံတကာနှင့်ဆက်သွယ်မှု

ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ကုလသမဂ္ဂနှင့်ဆိုင်ရာအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ နိုင်ငံခြားသံတမန်များကလည်း အခါအားလျော်စွာ လာရောက်တွေ့ဆုံ၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ၎င်းတို့ပါဝင်ဆောင်ရွက်ပေးနေမှုများကို တင်ပြခဲ့ကြပြီး ရခိုင်ပြည်နယ်လွှတ်တော်၏ သဘောထားအမြင်များကို တောင်းခံခဲ့ကြသည်။ ရခိုင်ပြည်နယ်လွှတ်တော်မှ အမျိုးသားရေးအမြင်ဖြင့် ရခိုင်ပြည်သူတို့ ခံစားနေရသော လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။

### စွမ်းရည်မြှင့်တင်

ရခိုင်ပြည်နယ်လွှတ်တော်၏ လပေါင်း ၃၀ ကြာ သက်တမ်းကာလတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ နိုင်ငံခြား တိုင်းပြည်များသို့ စေလွှတ်ခြင်းများ ပြုလုပ်နိုင်ခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်း၏ အရည်အသွေးနှင့် ကော်မတီများ၏ အခန်းကဏ္ဍအား ပိုမိုပီပြင်လာစေခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့နယ်မြေဒေသတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာနိုင်ခဲ့သည်မှာလည်း လွှတ်တော်နှင့်အစိုးရတို့ အပြန်အလှန်ထိန်းကျောင်းနိုင်မှုကို တွေ့မြင်ရသည်။

**(ရည်ညွှန်း-ရခိုင်ပြည်နယ်လွှတ်တော်မှထုတ်ဝေသည့် ရခိုင်လွှတ်တော်ဂျာနယ်များ)**

**(ကိုးကား- Development Media Group - www.dmediag.com က ဖော်ပြခဲ့သော ကျွန်းသားငမန်း၏ဆောင်းပါးမှ ကောက်နုတ်ဖော်ပြသည်။)**

# ရေဝတီတိုင်းလွှတ်တော် ဒု-ဥက္ကဋ္ဌကို ဆက်လက်အရေးယူရန် ဆောင်ရွက်နေ



**NLD ပါတီမှ ထုတ်ပယ်ခံထားသည့် ရေဝတီတိုင်းဒေသကြီး လွှတ်တော် ဒုဥက္ကဋ္ဌ ဦးစံမင်းအောင်။**

**ဇန်နဝါရီ ၁၆ ၊ ၂၀၁၉**

ငွေကျပ် သိန်း ၁၅၈၀ ဖြင့် တိုင်းလွှတ်တော်အတွက် ကား ၅ စီး ဝယ်ယူရာတွင် ကိုယ်ကျိုးစီးပွားပါဝင်သည်ဟူသော တိုင်ကြားချက်ကြောင့် NLD ပါတီမှထုတ်ပယ်လိုက်သည့် ရေဝတီတိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးစံမင်းအောင်အား လိုအပ်သည့် အရေးယူမှုများဆက်လက်ပြုလုပ်ရန် ဆောင်ရွက်နေကြောင်း NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က မဇ္ဈိမသို့ အတည်ပြုပြောဆိုသည်။

ပါတီမှစစ်ဆေးတွေ့ရှိချက်များနှင့် ပတ်သက်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ထံသို့လည်း စာပေးပို့အကြောင်းကြားရန် စီစဉ်ထားသည်ဟုလည်း ၎င်းကဆိုသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေမှ တိုင်းဒေသကြီးလွှတ်တော်အတွက် ငွေကျပ် သိန်း ၁၅၈၀ ဖြင့် ကား ၅ စီးဝယ်ယူရာတွင် ကိုယ်ကျိုးစီးပွားပါဝင်သည်ဆိုသည့် တိုင်ကြားချက်ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစံမင်းအောင်ကို စစ်ဆေးပြီး ပါတီမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

**(ကိုးကား-www.mizzimaburmese.com)**

# စီမံကိန်းအလွဲအမှားဆောင်ရွက်ခြင်းသည် ခိုးခြင်းပင်ဖြစ်ဟု မကွေးလွှတ်တော်ကိုယ်စားလှယ် ပြော

**ဒီဇင်ဘာ ၁၇၊၂၀၁၈**

နိုင်ငံတော်အနေဖြင့် စီမံကိန်းအလွဲအမှားများ ဆောင်ရွက်မိပါက ပြည်သူ့ဘဏ္ဍာငွေကိုခိုးယူသည်နှင့် အတူတူဖြစ်ကြောင်း မကွေးတိုင်း၊ ကံမမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ဒီဇင်ဘာ ၁၆ ရက်က အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင်ပြုလုပ်သော တောင်သူများနှင့်တွေ့ဆုံပွဲ၌ ပြောကြားသည်။

"နိုင်ငံတော်က စီမံကိန်းတစ်ခု အလွဲအမှားချပြီး လုပ်လိုက်ပြီဆိုရင် ငွေကျပ်သိန်းပေါင်း၊ သန်းပေါင်းများစွာ အကုန်ဆုံးရှုံးတော့တာပဲ၊ ဘာမှကိုမရတော့ဘူး" ဟု ၎င်းက ပြောသည်။

မကွေးတိုင်း၊ ကံမမြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းသည် တောင်သူများ၏ လယ်ယာမြေများစွာနှင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာကျခံကာ ၂၀၀၆ က ဆောင်ရွက်ခဲ့သော်လည်း လက်ရှိတွင် ရထားပြေးဆွဲခြင်း မရှိသောကြောင့် နိုင်ငံဘဏ္ဍာငွေများစွာ ဆုံးရှုံးနစ်နာရကြောင်း ၎င်းက ဥပမာပေးသည်။

"ပြည်ကို ၄၅ မိနစ်လောက် ဆိုင်ကယ်စီးရင်ရောက်တဲ့ ခရီးဗျာ။ ဒီရထားစီးသွားရင် တစ်နေရာမှ ကားကိုတစ်ဆင့်ပြန်စီးရသေးတဲ့ အခြေအနေဖြစ်နေတော့ ဘယ်သူက စီးတော့မှာလဲ။ အခုဆိုရင် ရထားလမ်းမှာ သစ်ပင်ကြီးတွေတောင် တက်ပေါက်နေပြီ"ဟု ၎င်းကပြောကြားသည်။

ထို့အပြင် မကွေးတိုင်း မြစ်ရေတင်စီမံကိန်းစီမံကိန်းတစ်ခုကို စိုက်မွေးဆည်ကော်မတီက သွားရောက်စစ်ဆေးသောအခါ ရေပေးဝေနေသည့် လယ်ယာမြေများမရှိဘဲ ရေတင်ပေးဝေရေး ဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း ထောက်ပြသည်။

"ကျွန်တော်တို့လာစစ်လို့လား မသိဘူး။ မြစ်ရေကိုတင်ထားတာတွေ့တယ်။ မြောင်းတွေမှာလည်း ရေတွေကစီးလို့ ကျွန်တော်ကလိုက်ကြည့်ပြီးတော့ ဘယ်နေရာကို ရေပေးနေတာလဲလို့မေးတော့ ကန္တာရပင်တွေပေါက်နေတဲ့တောကို လက်ညှိုးထိုးပြတယ်ဗျာ၊ ဒီမြစ်ရေတင်အောင်မြင်ရင် ဒီကန္တာရတောကိုခုတ်ထွင်ပြီး လယ်ယာမြေတွေ ဖြစ်လာမှာပေါ့လို့ ပြောသေးတယ်"ဟု ဦးဇော်ဝင်းက ဆိုသည်။

အမှန်တကယ်အသုံးပြုမည့် လယ်ယာမြေများမရှိသေးဘဲ သန်းပေါင်းများစွာကုန်ကျသည့် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်နေခြင်းသည် နိုင်ငံအတွက်များစွာနစ်နာကြောင်း ယင်းကော်မတီအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ထို့အပြင် မကွေးတိုင်းအတွင်းရှိ မြစ်ရေတင်စီမံကိန်းများသည် ငွေကြေးကုန်ကျမှုများစွာရှိနေသည်ကို တွေ့ရကြောင်း လွှတ်တော်ကော်မတီဥက္ကဋ္ဌက ဆိုသည်။

"ကိန်းဂဏန်းက အံ့သြစရာပါ။ မြစ်ရေတင်က လယ်တစ်ဧကကို တစ်လတာ ရေပေးလိုက်ရင် မီတာခ ပျမ်းမျှ လေးသိန်းခြောက်သောင်းလောက် ကျတယ်။ တောင်သူဆီက ပြန်ရတာက တစ်ထောင်ကျော်ပဲပြန်ရတယ်။ နိုင်ငံတော်မှာ ဘယ်လောက်ဝန်ပိနေလဲ စဉ်းစားသင့်သလို ဒီလောက်ငွေကြေးရင်းပေးလို့ စိုက်တဲ့တောင်သူက ကော ဘယ်လောက်အကျိုးကျေးဇူးတွေရနေလဲဆိုတာ သုံးသပ်သင့်ပါတယ်"ဟု ၎င်းကဆိုသည်။

မကွေးတိုင်းလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ဒီဇင်ဘာ ၄ ရက်ကစတင်ကာ မကွေးတိုင်းမြို့နယ်များရှိ စိုက်မွေးဆည်စီမံကိန်းများကို ကွင်းဆင်းလေ့လာစစ်ဆေးနေသည်။

**(ကိုးကား-http://7daydaily.com)**

# ရှေးဟောင်းယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ မွန်ပြည်နယ်လွှတ်တော် ကျင်းပ

**ဒီဇင်ဘာ ၂၄၊ ၂၀၁၈**

ကျိုက်မရောမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ လေ့လာဆန်းစစ်ခြင်း သုတေသနစာတမ်းဖတ်ပွဲကို ဒီဇင်ဘာလ ၂၂ ရက်နေ့က ကျိုက်မရောမြို့ရှိ အထွေရုံခန်းမ၌ မွန်ပြည်နယ်လွှတ်တော်မှ ကြီးမှူးကျင်းပပြုလုပ်ခဲ့သည်။

"အကျိုးသက်ရောက်မှုအနေနဲ့က ဒီသဘာဝအရင်းအမြစ်တွေရဲ့ တန်ဖိုးတွေကို သိခြင်းအားဖြင့် ဘာတွေအသုံးချလို့ရမလဲ။ ဥပမာ- ခရီးသွားလုပ်ငန်းပဲဖြစ်ဖြစ်၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲရေး စီမံကိန်းတွေ၊ တခြားလုပ်ငန်းကြီးတွေလုပ်တဲ့အခါမှာ ဒါတွေကို သတိထားမိဖို့၊ ဆင်ခြင်နားလည်တတ်ဖို့၊ သတိပြုမိဖို့နဲ့ ဆုံးဖြတ်တဲ့အခါမှာလည်း အမှားအယွင်းအတိမ်းအစောင်းမဖြစ်ဖို့အထောက်အကူပြုပါလိမ့်မယ်"ဟု လွှတ်တော်ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

သုတေသနလုပ်ငန်းများကို မွန်ပြည်နယ်လွှတ်တော်နှင့် မော်လမြိုင်တက္ကသိုလ်၏ သမိုင်း၊ ပထဝီ၊ ရူပဗေဒ၊ မြန်မာစာ၊ ဘူမိဗေဒမှ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပြီး စာတမ်း ၉ စောင် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သုတေသနများကို ခေါင်းစဉ်ခွဲသုံးခုဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်၍ ရှေးဟောင်းဘုရားနှင့် ကျောက်စာများ၊ ထုံးကျောက်ဂူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ အင်းများနှင့် ရေပူစမ်းများကို လေ့လာဆန်းစစ်ခဲ့သည်ဟုသိရသည်။

အဆိုပါစာတမ်းများကို ထိုင်းနိုင်ငံ မဟာချူလာလင်ကွန်းတက္ကသိုလ်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး က ပြောသည်။

အလားတူ မွန်ပြည်နယ်လွှတ်တော်မှ သုတေသနပြုလုပ်ငန်းများကို ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်သက်တမ်းအတွင်း မော်လမြိုင်မြို့၌ 'ရွှေအဆင်းဝင်းတဲ့ သုဝဏ္ဏဘူမိမြေ' စာတမ်းဖတ်ပွဲနှင့် သံဖြူဇရပ်မြို့၌ 'ဝါခရူမြို့ဟောင်း' စာတမ်းဖတ်ပွဲများကို ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။

**(ကိုးကား-burmese.monnews.org)**